Burmese

PARENT NETWORK OF WESTERN NEW YORK

716.332.4170
info@parentnetworkwny.org

ပံ့ပိုးမှုပေးခြင်း • ပညာပေးခြင်း • ချိတ်ဆက်ခြင်း • ခွန်အားပေးခြင်း

မသန်စွမ်းသောလူအယောက်စီတိုင်း သူတို့၏ ဖြစ်မြောက်နိုင်စွမ်းအပြည့်အဝ ဆီသို့ ရောက်ရှိရန် ကူညီထောက်မပေးသည့် မိသားစုများနှင့်ပရော်ဖက်ရှင်နယ်များကို ပညာပေးနှင့်အရင်းအမြစ်များအားဖြင့် ပံ့ပိုးပေးပါသည်။

မူကြို၊အရွယ်နှင့်ကျောင်းနေအရွယ်ဖွံ့ဖြိုးမှုမှစပြီး အရွယ်ရောက်သည့်အထိ၊ အရေးပါသောအတိုးတက်မှုဖြစ်အပျက်တစ်ခုစီတိုင်းအတွက် မိသားစုများ၏လိုအပ်မှုများကို ကျွန်ုပ်တို့နားလည်ပါသည်။



မူကြို

ကျောင်းနေအရွယ်



လူလားမြောက်သောအရွယ်

parentnetworkwny.org

ParentNetwork PNWNY

အဆင့်တစ်ဆင့်စီတိုင်း၌၊ မိသားစုများနှင့်ပရော်ဖက်ရှင်နယ်များကို ထောက်ပံ့ပေးရန် ကျွန်ုပ်တို့ရှိနေပါသည်။

၁-ဦး-ခြင်း ပံ့ပိုးမှု

စနစ်များကို နားလည်ရန်နှင့် အရင်းမြစ်များနှင့် ချိတ်ဆက်ရန် ကျွန်ုပ်တို့၏ ပံ့ပိုးမှုပညာရှင်တစ်ယောက်ယောက်ကို ချိတ်ဆက်ရန် မိသားစုများနှင့်ပရော်ဖက်ရှင်နယ်များကို တိုက်တွန်းပါသည်။ စကားပြန်ဝန်ဆောင်မှုအား အင်္ဂလိပ်စကားမပြောသောသူများ အခမဲ့ ရရှိနိုင်ပါသည်။

မိသားစုပံ့ပိုးမှုဝန်ဆောင်မှုများ

ကျွန်ုပ်တို့၏ ပံ့ပိုးမှုပညာရှင်များက မသန်စွမ်းသောမိသားစုဝင်များရှိကြသည့် မိသားစုများကို အဖွဲ့ငယ် သို့မဟုတ် တစ်ဦးခြင်းစီအလိုက် ပညာပေးပြီး ပူးပေါင်းပါဝင်စေပါမည်။

သင့်လျော်မှုဆိုင်ရာ ကူညီပံ့ပိုးမှု

ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာမသန်စွမ်းသူများအတွက်ဌာန (Office for People with Developmental Disabilities - OPWDD) ၏ သင့်လျော်မှုလုပ်ငန်းစဉ်ကို အစပြုလုပ်ဆောင်ရန် လိုအပ်သောစာရွက်စာတမ်းဖြည့်ဆွက်မှုများ၌ Erie နှင့် Niagara ကောင်တီရှိ မိသားစုများကို ကျွန်ုပ်တို့၏ သင့်လျော်မှုလမ်းညွှန်သူ (Eligibility Navigator) က ကူညီပေးနိုင်ပါသည်။

အပြုအမူပိုင်းဆိုင်ရာ ပံ့ပိုး

ကျွန်ုပ်တို့၏ အပြုအမူပိုင်းဆိုင်ရာပညာရှင်များသည် အိမ်တွင်နေထိုင်ပြီး OPWDD အတွက် သင့်လျော်သည့် ကလေးများ ရှိကြသော Erie သို့မဟုတ် Niagara ကောင်တီရှိ မိသားစုများနှင့် အတူလက်တွဲလုပ်ဆောင်ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲများနှင့်တွေ့ဆုံပွဲများ

မသန်စွမ်းမှုများကိုပိုမိုနားလည်စေရန်နှင့် သီးသန့်ပညာရေးနှင့် ပံ့ပိုးမှုစနစ်များနှင့်ပတ်သက်သော သူတို့၏အသိပညာဏ်များကို မြင့်တင်ရန် မိသားစုဝင်များ၊ လူပုဂ္ဂိုလ်များ နှင့်ပရော်ဖက်ရှင်နယ်များကို အွန်လိုင်းနှင့်လူကိုယ်တိုင် အလုပ်ရုံဆွေးနွေးပွဲများ ကျွန်ုပ်တို့ လုပ်ဆောင်ပေးပါသည်။

အွန်လိုင်းအရင်းအမြစ်များ



လာမည့်တွေ့ဆုံပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဒေါင်းလုဒ်ဆွဲနိုင်သောအချက်အလက်စာရွက်များ နှင့်ဗီဒီယိုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်နှင့်အရင်းအမြစ်များကို လူထုအား ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ကပေးပါသည်။

PARENT NETWORK OF WESTERN NEW YORK